सत्यमेव जयते

အိန္ဒိယနိုင်ငံ သံရုံး၊ ရန်ကုန်မြို့

သတင်းထုတ်ပြန်ချက်
**(အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ၊ နယူးဒေလီ)**

**"ကျွန်ုပ်တို့ညီညွတ်စွာ တိုက်ခိုက်ကြမယ်"**

အိန္ဒိယနိုင်ငံအစိုးရ၏ယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ (ICCR) သည် အိန္ဒိယနိုင်ငံတစ်လွှား မှသီချင်းရေးဆရာများ၊ တေးဂီတပညာရှင်များနှင့်အဆိုတော်များမှ သူတို့၏နေအိမ်များတွင် အသံသွင်းထားပြီး ပေးပို့လာသည့် တေးသီချင်းတို့ကို "ကျွန်ုပ်တို့ညီညွတ်စွာ တိုက်ခိုက်ကြမယ် (United We Fight)" ဟူသော အမည်ဖြင့် လုပသော ဂီတဖန်တီးမှုတစ်ခုအဖြစ် စုစည်းထားပါသည်။ Joe Alvares မှသီချင်းရေးသားဖွဲ့သီပြီး တေးဂီတ Tubby, Pandit Ravi Chari, Pandit Rakesh Chaurasiya and Ustad Faisal Qureshi တို့မှတီးခတ်ထားကာ အဆိုတော်များဖြစ်သည့် Usha Uthup, Salim Merchant, Shefali Alvares Rashid, Benny Dayal, Sonam Kalra, Chandan Bala Kalyan, Joe Alvares, Salome and Samira တို့သီဆိုထားသည့် ဤသီချင်းသည် ကမ္ဘာကြီးသည်မိသားစုတစ်ခုဖြစ်သည်ဆိုသည့် အနှစ်သာရ ကိုပြန့်နှံ့စေသည့် အင်္ဂလိပ်စာသားများက ် အိန္ဒိယဂန္တဝင်ဂီတ၏ မှတ်စုများနှင့်စည်းချက်များဖြင့်တင်ဆက် ဖျော်ဖြေထားခြင်းဖြစ်သည်။ ဤသီချင်းသည်မျှော်လင့်ခြင်း၊ ရှင်လန်းခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ တိုက်ခိုက်ရေး စိတ်ဓာတ်စသည့်သတင်းစကားကို သယ်ဆောင်ပေးပြီး COVID 19 ကို စုပေါင်းတိုက်ခိုက်ကြချိန်တွင် ဘာဖြစ်ဖြစ် အရှုံးမပေးလိုက်နဲ့ ဟူသော သဘောထားကို လည်း ပေးပါသည်။

ဤဗိုင်းရပ်စ်ပိုးသည ်နယ်နိမိတ်များအားလုံးကိုဖြတ်ကျော်ပြီး လူသားမျိုးနွယ်အပေါ်သို့ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေး၊ လူမျိုးစုများ၊ဇာတ်၊အတန်းအစား၊အသားအရောင်၊ ဘာသာရေးနှင့်ယုံကြည်မှုစနစ်များ စသည် တို့အပါအဝင် ကြီးမားသော အကျိုးသက်ရောက်စေခဲ့ပြီးကမ္ဘာကြီးကိုဒူးထောက်စေခဲ့သည်။ သို့သော် ကျွန်ုပ်တို့ညီညွတ်စွာ ရပ်တည်ကြလျှက် တည်ကြည် ခိုင်မြဲစွာအချင်းချင်းကူညီဆောင်ရွက်ခြင်း၊ ဗဟုသုတများဖလှယ်ခြင်း၊ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းခြင်းဖြင့် Corona ဗိုင်းရပ်စ်အား တိုက်ဖျက်ရန်အတွက် နယ်စည်းမခြားသော အင်အားစုကြီးတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ပါသည်။

ဤသီကုံးရေးဖွဲ့မှုသည်ကျွန်ုပ်တို့အားကာကွယ်ရန်အတွက်သူတို့၏အသက်အန္တရာယ်ကိုစွန့်စားခဲ့ကြသောရဲရင့်
သည့် COVID စစ်သည်တော်များအားလုံးအတွက် ကျွန်ုပ်တို့၏နက်ရှိုင်းစွာ ကျေးဇူးတင် အလေးအမြတ်ပြုမှုကိုဖော်ပြချက် ဖြစ်ပါသည်။ ဤသီကုံးရေးဖွဲ့မှုသည် ကျွန်ုပ်တို့တိုင်းပြည်၏ယဉ်ကျေးမှု အမွေအနှစ်ကို ကိုယ်စားပြုသောအနုပညာရှင်များနှင့် ဖျော်ဖြေတင်ဆက်သူများအားလုံးနှင့် အထူးသဖြင့် ဤခက်ခဲတဲ့အချိန်တွေမှာကျွန်ုပ်တို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို တက်ကြွစွာရှင်သန်စေရန် ကူညီပံ့ပိုးပေးသူများ အားဂုဏ်ပြုခြင်းတစ်ခုဖြစ်သည်။ ဤဆင်းရဲခက်ခဲမှုကာလတွင် အိမ်နီးချင်းများ၊ သူစိမ်းများနှင့် ပတ်ဝန်းကျင်ရှိ လူများကို တိတ်တဆိတ်ကူညီပေးနေသည့် မရေမတွက်နိုင်သောလူများကို ဂုဏ်ပြုခြင်း နှင့် အသိအမှတ် ပြုခြင်း ဖြစ်သည်။

ဤသီကုံးရေးဖွဲ့မှုသည် ကျွန်ုပ်တို့အတူတကွရပ်တည်ကြလျှင် Corona ဗိုင်းရပ်စ်နှင့် လူသားနှင့် လူသားမျိုးနွယ်တို့ ရင်ဆိုင်ရသော စိန်ခေါ်မှုများစွာကို တိုက်ဖျက်နိုင်လိမ့်မည်ဟူသော သတင်းစကားအား ကမ္ဘာကြီးကိုပေးခြင်းဖြစ်သည်။
ဖယောင်းတိုင်ကိုမီးထွန်းညှိလိုက်ပါ။ ရှေ့တန်းလုပ်သားများကို ရှင်မြူး အားတက် စေလိုက်ပါ။ လိုအပ်သူများအတွက်လှူဒါန်းပါ။ သက်ကြီးရွယ်အိုများအတွက်အချိန်ပေးလိုက်ပါ။ စေတနာ့ဝန်ထမ်းလုပ်ပါ။ မည်သည် နည်းဖြင့်မဆို သင်တို့သည် ဤလုပ်ဆောင်မှု၌ပျော်မွေ့နိုင်မည်ပြီး ဤ"စည်းလုံးညီညွတ်သော တိုက်ဖျက်မှု"ကို ဆက်လက်လုပ်ဆောင်ရန် လုံလောက်သော စိတ်ဓါတ်တက်ကြွမှု ဖြစ်စေမည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤသီချင်းကိုအိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ ကမ္ဘာကြီးအတွက်ရည်ရွယ်ထားသည်။ အိန္ဒိယနိုင်ငံ အစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ (ICCR) သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၏ လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရန် ၊အိန္ဒိယနှင့်အခြားနိုင်ငံများအကြား ပိုမိုနီးကပ်သော ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် အိန္ဒိယ၏ ပြည်ပရေးရာမူဝါဒတို့ကို ဖော်ဆောင်ပေးသည့် အဖွဲ့အစည်းဖြစ်ပါသည်။

၂၀၂၀ခုနှစ် မေလ (၁၂) ရက်